# COVID-19 ရောဂါနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

## (၄-၁-၂၀၂၀ ရက်နေ့မှ ၂၁-၃-၂၀၂၀ ရက်နေ့ထိ)

## (၂၁-၃-၂၀၂၀) ရက်နေ့ ည (၈:၃၀) နာရီ

## ၁။ ကမ္ဘာ့နိုင်ငံများ၏ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

(ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ (၂၁-၃-၂၀၂၀)ရက်နေ့ မြန်မာစံတော်ချိန် နံနက် (၁၀:၂၈)နာရီအချိန် ရရှိသော သတင်းအချက်အလက်များအရ ထုတ်ပြန်ချက်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် သတင်းအချက်အလက်များအား တစ်နေ့လျှင်တစ်ကြိမ်သာ ထုတ်ပြန်ဖော်ပြလေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အခြားသတင်းဌာနများ၌ ဖော်ပြသောအချက်အလက်များနှင့် အနည်းငယ်ကွဲလွဲမှုရှိနိုင်ပါသည်။

- ကမ္ဘာပေါ်တွင် ရောဂါဖြစ်ပွားနေသည့်နိုင်ငံနှင့်နယ်မြေဒေသစုစုပေါင်း - (၁၇၇) နိုင်ငံ
- ကမ္ဘာ့နိုင်ငံများတွင် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း - (၂၃၄,၀၇၃) ဦး
- ကမ္ဘာ့နိုင်ငံများတွင် သေဆုံးသူ စုစုပေါင်း - (၉,၈၄၀) ဦး
- ကမ္ဘာပေါ်တွင် သေဆုံးမှုရာခိုင်နှုန်း - (၄.၂) %
- **ဖြစ်ပွား/ သေဆုံးမှုများသော နိုင်ငံများမှာ-**

| စဉ် | နိုင်ငံ | စဖြစ်သည်မှ ယခုအချိန်ထိ | |
|---|---|---|---|
| | | ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူ စုစုပေါင်း | သေဆုံးသူ စုစုပေါင်း |
| ၁ | တရုတ်ပြည်သူ့သမ္မတ | ၈၁,၃၀၀ | ၃,၂၅၃ |
| ၂ | အီတလီ | ၄၁,၀၃၅ | ၃,၄၀၇ |
| ၃ | အီရန် | ၁၈,၄၀၇ | ၁,၂၈၄ |
| ၄ | စပိန် | ၁၇,၁၄၇ | ၇၆၇ |
| ၅ | ဂျာမနီ | ၁၀,၉၉၉ | ၂၀ |
| ၆ | ပြင်သစ် | ၁၀,၈၇၇ | ၃၇၂ |
| ၇ | အမေရိက | ၁၀,၄၄၂ | ၁၅၀ |
| ၈ | ကိုရီးယားသမ္မတနိုင်ငံ | ၈,၆၅၂ | ၉၄ |
| ၉ | ဆွစ်ဇာလန် | ၃,၈၆၃ | ၃၃ |
| ၁၀ | အင်္ဂလန် | ၃,၂၇၇ | ၁၄၄ |
| ၁၁ | နယ်သာလန် | ၂,၄၆၀ | ၇၆ |
| ၁၂ | သြစတြီးယား | ၁,၈၄၃ | ၅ |
| ၁၃ | ဘယ်လ်ဂျီယံ | ၁,၇၉၅ | ၁၄ |
| ၁၄ | နော်ဝေး | ၁,၅၅၂ | ၆ |

| | | | |
|---|---|---|---|
| ၁၅ | ဆွီဒင် | ၁,၄၂၃ | ၃ |
| ၁၆ | ဒိန်းမတ် | ၁,၁၃၂ | ၆ |
| ၁၇ | ဂျပန် | ၉၅၀ | ၃၃ |
| ၁၈ | မလေးရှား | ၉၀၀ | ၂ |
| ၁၉ | ပေါ်တူဂီ | ၇၈၅ | ၃ |
| ၂၀ | ကနေဒါ | ၇၃၆ | ၉ |
| ၂၁ | သြစတြေးလျ | ၇၀၉ | ၆ |
| ၂၂ | ချက်ပြည်သူ့သမ္မတနိုင်ငံ | ၆၉၄ | ၀ |
| ၂၃ | အိုင်ယာလန် | ၅၅၇ | ၃ |
| ၂၄ | အစ္စရေး | ၅၂၉ | ၀ |

**မှတ်ချက်။** ဓာတ်ခွဲအတည်ပြုလူနာ (၅၀၀)ဦးနှင့် အထက်ရှိသော နိုင်ငံများအား ရွေးချယ် ထုတ်နုတ်၍ ဖော်ပြခြင်းဖြစ်ပါသည်။

- တရုတ်ပြည်သူ့သမ္မတနိုင်ငံပြင်ပ နိုင်ငံတွင်းကူးစက်မှု (Local Transmission) ဖြစ်ပွားနေသော နိုင်ငံနှင့် နယ်မြေဒေသ စုစုပေါင်း (၉၆) နိုင်ငံ/ ဒေသ ရှိပါသည် -

| | | | |
|---|---|---|---|
| (၁) | ဥရောပဒေသ | - | ၄၀ နိုင်ငံ |
| (၂) | အမေရိကဒေသ | - | ၁၆ နိုင်ငံ |
| (၃) | အနောက်ပစိဖိတ်ဒေသ | - | ၁၁ နိုင်ငံ |
| (၄) | အရှေ့အလယ်ပိုင်းဒေသ | - | ၁၁ နိုင်ငံ |
| (၅) | အာဖရိကဒေသ | - | ၉ နိုင်ငံ |
| (၆) | အရှေ့တောင်အာရှဒေသ | - | ၆ နိုင်ငံ |
| (၇) | နယ်မြေဒေသ | - | ၃ ဒေသ |

- လက်ရှိအချိန်၌ ကမ္ဘာပေါ်တွင် COVID-19 ရောဂါအတည်ပြုလူနာ မတွေ့ရှိရသေးသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ စုစုပေါင်း (၁၈) နိုင်ငံရှိပြီး ထိုနိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်ပါသည်။

၂။ (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၁-၃-၂၀၂၀)ရက်နေ့၊ နေလည် (၁၂:၀၀)နာရီအထိ မြန်မာနိုင်ငံ၏ COVID-19 ရောဂါနှင့်ပတ်သက်သည့် အခြေအနေများမှာ -

- စောင့်ကြည့်လူနာ (PUI-Person Under Investigation) (၁၉၉) ဦးနှင့် သံသယလူနာ (၂) ဦး အပါအဝင် စုစုပေါင်း (၂၀၁) ဦးရှိပြီး ၎င်းတို့အနက် -
    - COVID-19 ရောဂါပိုး မတွေ့ရှိရသူ - (၁၈၇) ဦး
    - ဓာတ်ခွဲနမူနာရယူရန် ပေးပို့ဆဲ - (၁၄) ဦး

- ရောဂါသက်သာ ပျောက်ကင်း၍ ဆေးရုံမှဆင်းခွင့်ရရှိသူ - (၁၁၄) ဦး
- COVID-19 ရောဂါပိုးမတွေ့ရှိရသော်လည်း အခြားရောဂါ
  များဖြင့် သေဆုံးသူ - (၁၂) ဦး
- ၎င်းတို့အနက် နာတာရှည်ဆီးချိုရောဂါနှင့် နှလုံးရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦး၊ တီဘီရောဂါနှင့် နာတာရှည်ကျောက်ကပ်ရောဂါဖြင့် သေဆုံးသူ (၁) ဦး၊ နာတာရှည် ကျောက်ကပ်ရောဂါဖြင့်သေဆုံးသူ (၂) ဦး၊ နာတာရှည် အဆုတ်ပွရောဂါဖြင့် သေဆုံးသူ (၁) ဦး၊နာတာရှည်အသည်းရောဂါအခံရှိသူ (၁) ဦး၊ ဘက်တီးရီးယားပိုးကြောင့် သွေးဆိပ်တက်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများဖြင့် သေဆုံးသူ (၃) ဦးနှင့် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်းနှင့် ဝမ်းပျက်ဝမ်းလျှောခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကြောင့် သေဆုံးသူ (၁) ဦး တို့ဖြစ်ကြပါသည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၁-၃-၂၀၂၀) ရက်နေ့အထိ စောင့်ကြည့်လူနာ/ သံသယလူနာတွေ့ရှိရမှု အခြေအနေများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈၅) ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် (၃၃) ဦး၊ ရှမ်းပြည်နယ်တွင် (၂၉) ဦး၊ အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင် (၅၄) ဦး၊ စုစုပေါင်း (၂၀၁) ဦးတို့ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ဆေးရုံများတွင် (၃၁-၁-၂၀၂၀) ရက်နေ့မှ (၂၁-၃-၂၀၂၀) ရက်နေ့အထိ အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း (Hospital Quarantine) ပြုလုပ်ထားသူ စုစုပေါင်း (၁၈၇)ဦး မှာ-

- မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ - (၆၇) ဦး
- တောင်ဥက္ကလာပ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး - (၅၆) ဦး
- ဝေဘာဂီအထူးကုဆေးရုံ - (၄၁) ဦး
- ပြည်သူ့ဆေးရုံကြီး၊ ကျိုင်းတုံမြို့ - (၄) ဦး
- ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့ - (၃) ဦး
- ပြည်သူ့ဆေးရုံ၊ မောက်မယ်မြို့ - (၃) ဦး
- ပြည်သူ့ဆေးရုံကြီး၊ လွိုင်ကော်မြို့ - (၂) ဦး
- ပြည်သူ့ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့ - (၂) ဦး
- နဲ့သမိန်တိုက်နယ်ဆေးရုံ၊ ထန်းတပင်မြို့ - (၂) ဦး
- သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီး - (၁) ဦး

- စဝ်စံထွန်းဆေးရုံကြီး၊ တောင်ကြီးမြို့ - (၁) ဦး
- ခရိုင်ပြည်သူ့ဆေးရုံ၊ မြင်းခြံမြို့ - (၁) ဦး
- ခရိုင်ပြည်သူ့ဆေးရုံ၊ တာချီလိတ်မြို့ - (၁) ဦး
- ပြည်သူ့ဆေးရုံ၊ လှည်းကူးမြို့ - (၁) ဦး
- ရွှေပန်းတော တိုက်နယ်ဆေးရုံ၊ အောင်လံမြို့ - (၁) ဦး
- ကြိမ်ချောင်းတိုက်နယ်ဆေးရုံ၊ ဘိုကလေးမြို့ - (၁) ဦးတို့ဖြစ်ကြပါသည်။

- ယခုအခါ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုအား စောစီးစွာသိရှိနိုင်ရန် ဓာတ်ခွဲနမူနာအရေအတွက် တိုးမြှင့်စစ်ဆေးခြင်းကို လုပ်ဆောင်လျက်ရှိရာ ဆေးရုံများတွင် အသွားအလာ ကန့်သတ်ခြင်း၊ တားမြစ်ပိတ်ပင်ခြင်း ပြုလုပ်ထားသူများအနက် (၈၁) ဦးအား ဓာတ်ခွဲနမူနာများ ရယူစစ်ဆေးခဲ့ရာ ၎င်းတို့တွင် COVID-19 ရောဂါ ပိုးမတွေ့ရှိရကြောင်း သိရှိရပါသည်။

၅။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုအား ကျန်းမာရေးအသိပညာပေးခြင်း၊ ပြည်သူလူထုအတွင်း မှန်ကန်သည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်းတို့အား ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လူတိုင်းလိုက်နာဆောင်ရွက်ရမည့် အချက်အလက်များအား တိကျစွာလိုက်နာဆောင်ရွက်ခြင်းဖြင့် COVID-19 ရောဂါ ဖြစ်ပွားပျံ့နှံ့မှုနှင့် ထိခိုက်ပျက်ဆီး မှုများမှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။